နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စိတ်ပိုင်း (ပထမဆင့်)

ကျမ်းပြုဆရာတော် အရှင်အနုရုဒ္ဓါ၏ ရတနတ္တယပဏာမနှင့် ပဋိညာဉ်

**သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သ,သဒ္ဓမ္မ ဂဏုတ္တမံ။**
**အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။**

**သမ္မာသမ္ဗုဒ္ဓ** = မဖေါက်မပြန် ကိုယ်တော်တိုင်သာ အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော။ **မတုလံ** = ပြိုင်ဘက်ရည်တူ ရှိတော် မမူထသော။ **သ,သဒ္ဓမ္မ ဂဏုတ္တမံ** = သုံးပါးသော သဒ္ဓမ္မ, အရိယာဂိုဏ်းနှင့်တကွ ဖြစ်တော်မူထသော မြတ်စွာဘုရားကို။ **အဘိဝါဒိယ** = အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ချီးမြောက်ထောပနာ လွန်စွာကြည်နူး အထူးအားဖြင့် ရှိခိုးပါ၏။ **အဘိဓမ္မတ္ထသင်္ဂဟံ** = အဘိဓမ္မာဒေသနာတော်၏ အကျဉ်းချုံး၍ယူရာယူကြောင်း ဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟဟု အမည်ရသော သင်္ဂြိုဟ်ခေါ် လက်သန်းအဋ္ဌကထာကျမ်းကို။ **ဘာသိဿံ** = မိန့်ဆိုတီထွင် စီရင်ပေအံ့။

## အဘိဓမ္မာ၏ အဓိပ္ပါယ်

အဘိ+ဓမ္မာ = **အဘိဓမ္မာ**
ထူးမြတ်လွန်ကဲသောတရား, အလွန်မြတ်သောတရား။

အဘိဓမ္မ+အတ္ထ = **အဘိဓမ္မတ္ထ**
ထူးမြတ်လွန်ကဲသော တရားအနက်, အဘိဓမ္မာခုနစ်ကျမ်း၌ ဟောအပ်သော အနက်။

အဘိဓမ္မတ္ထ+သင်္ဂဟ = **အဘိဓမ္မတ္ထသင်္ဂဟ**
အဘိဓမ္မာခုနစ်ကျမ်း၌ ဟောအပ်သော အနက်တို့ကို ပေါင်းစု၍ စီရင်အပ်သော ကျမ်း, အဘိဓမ္မတ္ထသင်္ဂြိုဟ်။

## ပရမတ္ထတရား (၄)ပါး

### ပရမတ္ထတရား၏ အဓိပ္ပါယ်

(၁) မဖောက်မပြန် မှန်ကန်မြင့်မြတ်သောတရား။
(၂) တကယ်ထင်ရှားရှိသော တရားဖြစ်ပါသည်။

**ပရမတ္ထတရား (၄)ပါးကား**

၁။ **စိတ်** = အာရုံကို ရအောင်ယူနိုင်ခြင်းဖြင့် သိတတ်သော သဘောတရား။

၂။ **စေတသိက်** = စိတ်ကို မှီ၍ စိတ်ကို ခြယ်လှယ်တတ်သော သဘောတရား။

၃။ **ရုပ်** = အပူ အအေးစသော ဆန့်ကျင်ဘက် အကြောင်းတရားများကြောင့် ဖောက်ပြန် ပြောင်းလဲတတ်သော သဘောတရား။

၄။ **နိဗ္ဗာန်** = တဏှာ ကုန်ခန်းခြင်းသဘောတရား၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်း သဘောတရား။

## စိတ်ပိုင်းအကျဉ်းဇယား

<table>
<tr><td></td><td colspan="3">စိတ်အကျဉ်း ၈၉-ပါး</td><td></td><td></td><td></td></tr>
<tr><td></td><td colspan="3">လောကုတ္တရာစိတ် ၈-ပါး</td><td></td><td></td><td></td></tr>
<tr><td></td><td>မဂ် ၄-ပါး<br>(ကု)</td><td colspan="2">ဖိုလ်၄<br>(ဝိ)</td><td></td><td></td><td></td></tr>
<tr><td></td><td colspan="4">အရူပါဝစရစိတ် (၁၂)ပါး</td><td rowspan="4">ဈာန်စိတ် ၂၇-ပါး</td><td rowspan="10">ဈာန်စိတ် (၆၇)-ပါး</td></tr>
<tr><td></td><td>အရူပါဝစရ<br>ကု (၄)</td><td colspan="2">အရူပါဝစရ<br>ဝိ (၄)</td><td>အရူပါဝစရ<br>ကြိ (၄)</td></tr>
<tr><td></td><td colspan="4">ရူပါဝစရစိတ် (၁၅)ပါး</td></tr>
<tr><td></td><td>ရူပါဝစရ<br>ကု (၅)</td><td colspan="2">ရူပါဝစရ<br>ဝိ (၅)</td><td>ရူပါဝစရ<br>ကြိ (၅)</td></tr>
<tr><td>အကုသိုလ်စိတ်၁၂<br>-ပါး</td><td colspan="4">ကာမသောဘနစိတ် (၁၄)ပါး</td><td rowspan="6">သောဘနစိတ် (၅၉)ပါး</td></tr>
<tr><td rowspan="4">လောဘမူစိတ် ၈-ပါး<br>ဒေါသမူစိတ် ၂-ပါး<br>မောဟမူစိတ် ၂-ပါး</td><td>မဟာကုသိုလ်<br>၈</td><td colspan="2">မဟာဝိပါက်<br>၈</td><td>မဟာကြိယာ<br>၈</td></tr>
<tr><td rowspan="3"></td><td colspan="3">အဟိတ်စိတ် (၁၈)</td></tr>
<tr><td>အကု<br>ဝိ (၇)</td><td>ကုသ<br>ဝိ (၈)</td><td>အဟိတ်<br>ကြိ (၃)</td></tr>
<tr><td colspan="2">ဝိပါက် (၃၆)</td><td>ကြိယာ (၂၀)</td></tr>
<tr><td>အကုသိုလ်စိတ်<br>(၁၂)ပါး</td><td>ကုသိုလ်စိတ်<br>(၂၁)ပါး</td><td colspan="3">အဗျာကတစိတ်<br>(၅၆)ပါး</td><td></td><td></td></tr>
</table>

**မှတ်ချက်**။ ။ စိတ်အကျယ် (၁၂၁)ပါးကား . . .

လောကီစိတ် (၈၁)ပါးထဲသို့ လောကုတ္တရာစိတ်အကျယ် (၄၀)ထည့်ပေါင်းပါက စိတ်အကျယ် (၁၂၁)ပါး ရပါမည်။

## စိတ်အကျဉ်း (၄)မျိုး

၁။ **ကာမာဝစရစိတ်** = ကာမတဏှာ၏ အာရုံဖြစ်သောကြောင့်
ကာမ(၁၁)ဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ် ၅၄-ပါး။

၂။ **ရူပါဝစရစိတ်** = ရူပတဏှာ၏ အာရုံဖြစ်သောကြောင့်
ရူပ (၁၅)ဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ် ၁၅-ပါး။

၃။ **အရူပါဝစရစိတ်** = အရူပတဏှာ၏ အာရုံဖြစ်သောကြောင့်
အရူပ(၁၂)ဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ် ၁၂-ပါး။

၄။ **လောကုတ္တရာစိတ်** = လောကသုံးပါးမှ လွတ်မြောက်သောစိတ်၊
လောကသုံးပါးထက် လွန်ကဲမြင့်မြတ်သောစိတ် ၈-ပါး။

စုစုပေါင်း စိတ်အကျဉ်း ၈၉-ပါး။

### (၁)။ ကာမာဝစရစိတ် ၅၄–ပါး

| | |
|---|---|
| က။ အကုသိုလ်စိတ် | ၁၂-ပါး |
| ခ။ အဟိတ်စိတ် | ၁၈-ပါး |
| ဂ။ ကာမဝစရသောဘနစိတ် | ၂၄-ပါး |
| ပေါင်း | ၅၄-ပါး။ |

ကာမဝစရစိတ် = ကာမ (၁၁)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်။

ကာမတဏှာအာရုံဖြစ်သောကြောင့် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်။

### ၁။ အကုသိုလ်စိတ် ၁၂–ပါး

| | |
|---|---|
| က။ လောဘမူစိတ် | ၈-ပါး |
| ခ။ ဒေါသမူစိတ် | ၂-ပါး |
| ဂ။ မောဟမူစိတ် | ၂-ပါး |
| ပေါင်း | ၁၂-ပါး။ |

# **အကုသိုလ် အစိပ်ပွါယ်**

အကုသိုလ်စိတ် = လောဘ,ဒေါသစသော အပြစ်နှင့်တကွ ဖြစ်သောစိတ်၊ မကောင်းသော အကျိုးကို ပေးခြင်းရှိသော စိတ်၊ ကုသိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော စိတ်။

က။ **လောဘမူစိတ်** = လိုချင်တက်မက်ခြင်း သဘောတရား။

| | | | |
|---|---|---|---|
| ၁။ | **သောမနဿသဟဂုတ်** ချမ်းသာသော ခံစားမှုနှင့်တကွ ဖြစ်၍ | **ဒိဋ္ဌိဂတသမ္ပယုတ်** မှားယွင်းသောအယူနှင့် ယှဉ်သော | **အ-သင်္ခါရိကစိတ်** တိုက်တွန်းမှု မပါဘဲ ဖြစ်သော စိတ် |
| ၂။ | ။ | ။ | **သ-သင်္ခါရိကစိတ်** တိုက်တွန်းမှုနှင့် တကွဖြစ်သောစိတ် |
| ၃။ | ။ | **ဒိဋ္ဌိဂတဝိပ္ပယုတ်** မှားယွင်းသောအယူနှင့် မယှဉ်သော | **အ** |
| ၄။ | ။ | ။ | **သ** |
| ၅။ | **ဥပေက္ခာသဟဂုတ်** စိတ်အသင့်အတင့် ခံစားမှုနှင့်တကွဖြစ်၍ | **ဒိဋ္ဌိဂတသမ္ပယုတ်** | **အ** |
| ၆။ | ။ | ။ | **သ** |
| ၇။ | ။ | **ဒိဋ္ဌိဂတဝိပ္ပယုတ်** | **အ** |
| ၈။ | ။ | | **သ** |

ခ။ **ဒေါသမူစိတ်** = အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မုန်းခြင်း၊ ပျက်စီးစေ-ဖျက်ဆီးတတ်ကြောင်းဖြစ်သော တရား၊

| | | | |
|---|---|---|---|
| ၁။ | **ဒေါ မနဿသဟဂုတ်** စိတ်နှလုံးမချမ်းသာသော ခံစားမှုနှင့်တကွ ဖြစ်၍ | **ပဋိဃသမ္ပယုတ်** ကြမ်းတမ်းခက်ထန်မှုနှင့် ယှဉ်သော | **အ-သင်္ခါရိကစိတ်** တိုက်တွန်းမှု မပါဘဲ ဖြစ်သော စိတ် |
| ၂။ | ။ | ။ | **သ-သင်္ခါရိကစိတ်** တိုက်တွန်းမှုနှင့် တကွဖြစ်သောစိတ် |

ဂ။ **မောဟမူစိတ်** = မောဟမူလရှိသော စိတ်, တွေဝေခြင်းအရင်းခံရှိသောစိတ်။

| | | |
|---|---|---|
| ၁။ | **ဥပေက္ခာသဟဂုတ်**<br>အသင့်အတင့်အညီအမျှ<br>ခံစားမှုနှင့်တကွ ဖြစ်၍ | **ဝိစိကိစ္ဆာသမ္ပယုတ်စိတ်**<br>ယုံမှားသံသယဖြစ်မှုနှင့်<br>ယှဉ်သော စိတ် |
| ၂။ | ။ | **ဥဒ္ဒစ္စသမ္ပယုတ်စိတ်**<br>ပျံ့လွင့် မငြိမ်သက်မှုနှင့်<br>ယှဉ်သော စိတ် |

**ဝိစိကိစ္ဆာ**= ရတနာသုံးပါး ကံ, ကံ၏အကျိုးတရား၌ ယုံမှားသံသယဖြစ်ခြင်းသဘော
**ဥဒ္ဒစ္စ** = စိတ်ပျံ့လွင့် မငြိမ်သက်ခြင်းသဘော။

**အကုသိုလ်စိတ် (၁၂)ပါးတို့တွင်**

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄-ပါး။ | ဝေဒနာ အားဖြင့် (၃)ပါး |
| ၂။ | ဒေါမနဿသဟဂုတ်စိတ် | ၂-ပါး | |
| ၃။ | ဥပေက္ခာသဟဂုတ်စိတ် | ၆-ပါး | |
| ၄။ | အ-သင်္ခါရိကစိတ် | ၅-ပါး | ဒိဋ္ဌိ အားဖြင့် (၃)ပါး |
| ၅။ | သ-သင်္ခါရိကစိတ် | ၅-ပါး | |
| ၆။ | သင်္ခါရဝိမုတ်စိတ် | ၂-ပါး | |
| ၇။ | သမ္ပယုတ်စိတ် | ၈-ပါး | ယှဉ်/မယှဉ် အားဖြင့် |
| ၈။ | ဝိပ္ပယုတ်စိတ် | ၄-ပါး | |

**အဟိတ်စိတ် (၁၈)ပါး = ဟိတ်နှင့် မယှဉ်သောစိတ်**

၁။ အကုသလဝိပါက်စိတ် ၇-ပါး။
၂။ ကုသလဝိပါက်စိတ် ၈-ပါး။
၃။ အဟိတ်ကြိယာစိတ် ၃-ပါး။
စုစုပေါင်း ၁၈-ပါး

**အဟိတ်စိတ် အဓိပ္ပါယ်**

မခိုင်မြဲသော, လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် (၆)ပါးနှင့် မယှဉ်သောစိတ်။

၁။ **အကုသလဝိပါက်စိတ်** = အကုသိုလ်ကံ၏ အကျိုးဖြစ်သောစိတ်။
၂။ **ကုသလဝိပါက်စိတ်** = ယှဉ်ဘက်ဟိတ်မရှိသော (မခိုင်မြဲသော) ကုသိုလ်ကံ အကျိုးဖြစ်သော စိတ်။
၃။ **အဟိတ်ကြိယာစိတ်** = ယှဉ်ဘက်ဟိတ်မရှိသော (မခိုင်မြဲသော) ပြုလုပ်ကာမျှ သဘောရှိသောစိတ်။

## အကျဉ်းချုပ် အစိပ္ပါယ်မှတ်ရန်။

၁။ **စက္ခုဝိညာဏ်စိတ်** = မြင်သိစိတ်၊
၂။ **သောတဝိညာဏ်စိတ်** = ကြားသိစိတ်၊
၃။ **ဃာနဝိညာဏ်စိတ်** = နံသိစိတ်၊
၄။ **ဇိဝှါဝိညာဏ်စိတ်** = စားသိစိတ်၊
၅။ **ကာယဝိညာဏ်စိတ်** = ထိသိစိတ်၊
၆။ **သမ္ပဋိစ္ဆိုင်းစိတ်** = ပဉ္စာရုံကို လက်ခံသကဲ့သို့ ဖြစ်သော စိတ်၊
၇။ **သန္တီရဏစိတ်** = ပဉ္စာရုံကို စုံစမ်းတတ်သော စိတ်၊
၈။ **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** = ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်သော စိတ်၊
၉။ **မနောဒွါရာဝဇ္ဇန်းစိတ်** = မနောဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်သောစိတ်၊
၁၀။ **ဟသိတုပ္ပါဒ်စိတ်** = ဘုရား, ရဟန္တာတို့၏ ပြုံးရယ်မှုကို ဖြစ်စေသော စိတ်၊

## အထူးမှတ်ရန်။

***ဒွေးပဉ္စဝိညာဏ် (၁၀)ပါး** စက္ခုဝိညာဏ်ဒွေး, သော, ဃာ, ဇိ, ကာယဝိညာဏ်ဒွေး,
***မနောဓာတ် (၃)ပါး** = ပဉ္စဒွါရဝဇ္ဇန်း + သမ္ပဋိစ္ဆိုင်းဒွေး
***အာဝဇ္ဇန်းဒွေး** = ပဉ္စဒွါရဝဇ္ဇန်း + မနောဒွါရဝဇ္ဇန်း

**အဟိတ်အကုသလစိတ် (၇)ပါးကား**

၁။ ဥပေက္ခာသဟဂုတ် **စက္ခုဝိညာဏ်စိတ်**
၂။ ။ **သောတဝိညာဏ်စိတ်**
၃။ ။ **ဃာနဝိညာဏ်စိတ်**
၄။ ။ **ဇိဝှါဝိညာဏ်စိတ်**
၅။ ဒုက္ခသဟဂုတ် **ကာယဝိညာဏ်စိတ်**
၆။ ဥပေက္ခာသဟဂုတ် **သမ္ပဋိစ္ဆိုင်းစိတ်**
၇။ ။ **သန္တီရဏစိတ်**

**အဟိတ်ကုသလဝိပါက်စိတ် (၈)ပါးကား**

၁။ ဥပေက္ခာသဟဂုတ် **စက္ခုဝိညာဏ်စိတ်**
၂။ ။ **သောတဝိညာဏ်စိတ်**
၃။ ။ **ဃာနဝိညာဏ်စိတ်**
၄။ ။ **ဇိဝှါဝိညာဏ်စိတ်**
၅။ သုခသဟဂုတ် **ကာယဝိညာဏ်စိတ်**
၆။ ဥပေက္ခာသဟဂုတ် **သမ္ပဋိစ္ဆိုင်းစိတ်**
၇။ ။ **သန္တီရဏစိတ်**
၈။ သောမနဿသဟဂုတ် **သန္တီရဏစိတ်**

**အဟိတ်ကြိယာစိတ် (၃)ပါးကား**

၁။ ဥပေက္ခာသဟဂုတ် **ပဉ္စဒွါရာဝဇ္ဇန်းစိတ်**
၂။ ။ **မနောဒွါရာဝဇ္ဇန်းစိတ်**
၃။ သောမနဿသဟဂုတ် **ဟသိတုပ္ပါဒ်စိတ်**

**အသောဘနစိတ် (၃၀)**

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | = ၁၂-ပါး |
| ၂။ | အဟိတ်စိတ် | = ၁၈-ပါး |
| | စုစုပေါင်း | = ၃၀-ပါး |

**အသောဘနစိတ် (၃၀)ပါးတို့တွင်**

(က)။ ဝေဒနာအားဖြင့်

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၆-ပါး။ |
| ၂။ | ဒေါမနဿသဟဂုတ်စိတ် | ၂-ပါး |
| ၃။ | သုခသဟဂုတ်စိတ် | ၁-ပါး |
| ၄။ | ဒုက္ခသဟဂုတ်စိတ် | ၁-ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၂၀-ပါး |
| | ပေါင်း = | ၃၀-ပါး။ |

(ခ)။ သင်္ခါရအားဖြင့်

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၅-ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၅-ပါး |
| ၃။ | သင်္ခါရဝိမုတ်စိတ် | ၂၀-ပါး |
| | ပေါင်း = | ၃၀-ပါး။ |

(ဂ)။ ယှဉ်/မယှဉ်အားဖြင့်

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၈-ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၂၂-ပါး |
| | ပေါင်း = | ၃၀-ပါး။ |

(ဃ)။ အကြောင်းအကျိုးအားဖြင့်. . .

| | | |
|---|---|---|
| ၁။ | အကြောင်းစိတ် | ၁၂-ပါး |
| ၂။ | အကျိုးစိတ် | ၁၅-ပါး |
| ၃။ | အကြောင်း/ကျိုးလွတ်သောစိတ် | ၃-ပါး |
| | ပေါင်း = | ၃၀-ပါး။ |

**အသောဘနစိတ် အဓိပ္ပါယ်ကား**

သဒ္ဓါ, သတိစသော သောဘနစေတသိက်တို့နှင့် မယှဉ်သောကြောင့် **မတင့်တယ်-မကောင်းမွန်သောစိတ်** ဖြစ်ပါသည်။

## သောဘနစိတ် အကျဉ်း (၅၉)ပါး နှင့် အကျယ် (၉၁)ပါး

**သောဘနစိတ် အဓိပ္ပါယ်ကား**

သဒ္ဓါ, သတိစသော သောဘနစေတသိက်တို့နှင့် ယှဉ်သောကြောင့် **တင့်တယ်-ကောင်းမွန်သောစိတ်** ဖြစ်ပါသည်။

**သောဘနစိတ် အကျဉ်း (၅၉)ပါးကား**

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘနစိတ် | ၂၄-ပါး။ |
| ၂။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈-ပါး |
| | ပေါင်း = | ၅၉-ပါး။ |

**သောဘနစိတ် အကျယ် (၉၁)ပါးကား**

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘနစိတ် | ၂၄-ပါး။ |
| ၂။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် | ၄၀-ပါး |
| | ပေါင်း = | ၉၁-ပါး။ |

## (ဂ)။ ကာမာဝစရသောဘဏစိတ် (၂၄)ပါး

ကာမာဝစရသောဘဏစိတ် (၂၄)ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈-ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈-ပါး |
| ၃။ | မဟာကြိယာစိတ် | ၈-ပါး |
| | ပေါင်း = | ၂၄-ပါး။ |

**မှတ်ချက်။** ။ မဟာဝိပါက်စိတ်နှင့် မဟာကြိယာစိတ်ကို သဟိတ်ကာမာဝစရ ဝိပါက်စိတ်၊ သဟိတ်ကာမာဝစရကြိယာစိတ်ဟုလည်း အမည်တစ်မျိုးနှင့် ခေါ်ဆိုပါသေးသည်။

**ကာမသောဘဏစိတ် အဓိပ္ပါယ်ကား**

ကာမာဘုံ၌ များသောအားဖြင့် ဖြစ်သော ကာမစိတ်များတွင် ပါဝင်၍ တင့်တယ်ကောင်းမွန်သော စိတ်ဖြစ်ပါသည်။

**မဟာအမည်တပ်ခေါ်ရခြင်းအကြောင်း**

ကာမာစိတ်၊ ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်တို့တွင် ကုသိုလ်စိတ်ချင်း၊ ဝိပါက်စိတ်ချင်း၊ ကြိယာစိတ်ချင်း နှိုင်းယှဉ်ပါလျှင် ကာမာဝစရသောဘနစိတ်က အရေအတွက်များသောကြောင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာစိတ်ဟူ၍ “မဟာ” အမည်တပ် ခေါ်ရပါသည်။

၁။ **မဟာကုသိုလ်စိတ် (၈)ပါးကား**

| | | | |
|---|---|---|---|
| ၁။ | **သောမနဿသဟဂုတ်** ချမ်းသာသော ခံစားမှုနှင့်တကွ ဖြစ်၍ | **ဉာဏသမ္ပယုတ်** ဉာဏ်နှင့်ယှဉ်သော | **အ-သင်္ခါရိကစိတ်** တိုက်တွန်းမှု မပါဘဲ ဖြစ်သော စိတ် |
| ၂။ | ။ | ။ | **သ-သင်္ခါရိကစိတ်** တိုက်တွန်းမှုနှင့် တကွဖြစ်သောစိတ် |
| ၃။ | ။ | **ဉာဏဝိပ္ပယုတ်** ဉာဏ်နှင့်မယှဉ်သော | **အ** |
| ၄။ | ။ | ။ | **သ** |
| ၅။ | **ဥပေက္ခာသဟဂုတ်** စိတ်အသင့်အတင့် ခံစားမှုနှင့်တကွဖြစ်၍ | **ဉာဏသမ္ပယုတ်** ဉာဏ်နှင့်ယှဉ်သော | **အ** |
| ၆။ | ။ | ။ | **သ** |
| ၇။ | ။ | **ဉာဏဝိပ္ပယုတ်** ဉာဏ်နှင့်မယှဉ်သော | **အ** |
| ၈။ | ။ | ။ | **သ** |

**မဟာကုသိုလ်စိတ် (၈)ပါးကား**

| | |
|---|---|
| ၁။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၂။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၃။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၄။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၇။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် |
| ၈။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် |

**မှတ်ချက်**။ ။ ဝိပါက်စိတ်(၈)ပါး၊ ကြိယာစိတ်(၈)ပါးတို့သည်လည်း အပေါ်ကအတိုင်း (မဟာကုသိုလ်စိတ် နေရာ၌ မဟာဝိပါက်စိတ်, မဟာကြိယာစိတ်)ဟု ပြောင်းလဲ ဆိုရန်သာ ထူးပါသည်။

## ကာမာဝစရသောဘဏာစိတ် (၂၄)ပါးကား

ဝေဒနာအားဖြင့်. . .

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၁၂-ပါး။ |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁၂-ပါး |
| | ပေါင်း = | ၂၄-ပါး။ |

ဉာဏ်အားဖြင့်. . .

| | | |
|---|---|---|
| ၁။ | ဉာဏသမ္ပယုတ်စိတ် | ၁၂-ပါး။ |
| ၂။ | ဉာဏဝိပ္ပယုတ်စိတ် | ၁၂-ပါး |
| | ပေါင်း = | ၂၄-ပါး။ |

သင်္ခါရအားဖြင့်. . .

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၁၂-ပါး။ |
| ၂။ | သသင်္ခါရိကစိတ် | ၁၂-ပါး |
| | ပေါင်း = | ၂၄-ပါး။ |

### ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်တို့၏ အဓိပ္ပါယ်

**ကုသိုလ်စိတ်** = ကောင်းသောစိတ်, အပြစ်ကင်းသောစိတ်,
ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသောစိတ်၊

**ဝိပါက်စိတ်** = ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်သောစိတ်၊

**ကြိယာစိတ်** = ကုသိုလ်, အကုသိုလ်မဖြစ် ပြုလုပ်ကာမျှဖြစ်သောစိတ်၊

### မဟာကုသိုလ်စိတ်, မဟာဝိပါက်စိတ်, မဟာကြိယာစိတ်တို့၏ အဓိပ္ပါယ်

**မဟာကုသိုလ်စိတ်** = ရူပ, အရူပ, လောကုတ္တရာကုသိုလ်တို့ထက်များသော အရေ
အတွက်ရှိသောကြောင့် မဟာကုသိုလ်စိတ်ဟု ခေါ်ပါသည်။

**မဟာဝိပါက်စိတ်** = ရူပ, အရူပ, လောကုတ္တရာဝိပါက်တို့ထက်များသော အရေ
အတွက်ရှိသောကြောင့် မဟာဝိပါက်စိတ်ဟု ခေါ်ပါသည်။

**မဟာကြိယာစိတ်** = ရူပကြိယာ, အရူပကြိယာတို့ထက် များသော အရေအတွက်
ရှိသောကြောင့် မဟာကြိယာစိတ်ဟု ခေါ်ပါသည်။

**ကာမစိတ် (၅၄)ပါးကို အကျဉ်းချုပ်အားဖြင့် ရေးတွက်ပုံ**

| | |
|---|---|
| ၁။ အသောနစိတ် (အကု ၁၂ + အဟိတ် ၁၈) = | ၃၀-ပါး |
| ၂။ ကာမဝစရသောဘနစိတ် | ၂၄-ပါး |
| ပေါင်း = | ၅၄-ပါး |

ကာမစိတ် (၅၄)ပါးကို အကြောင်းစိတ်, အကျိုးစိတ်, ကြောင်း/ကျိုးလွတ်တို့ ခွဲခြားပုံ

အကြောင်းစိတ်မှာ. . .

| | |
|---|---|
| ၁။ အကုသိုလ်စိတ် | ၁၂-ပါး |
| ၂။ မဟာကုသိုလ်စိတ် | ၈-ပါး |
| ပေါင်း = | ၂၀-ပါး။ |

အကျိုးစိတ်မှာ. . .

| | |
|---|---|
| ၁။ အကုသလဝိပါက်စိတ် | ၇-ပါး |
| ၂။ အဟိတ်ကုသလဝိပါက်စိတ် | ၈-ပါး |
| ၃။ မဟာဝိပါက်စိတ် | ၈-ပါး |
| ပေါင်း = | ၂၃-ပါး။ |

အကြောင်းအကျိုးလွတ်စိတ်မှာ. . .

| | |
|---|---|
| ၁။ အဟိတ်ကြိယာစိတ် | ၃-ပါး |
| ၂။ မဟာကြိယာစိတ် | ၈-ပါး |
| ပေါင်း = | ၁၁-ပါး။ |

၂၀+၂၃+၁၁=၅၄

**ကာမာဝစရစိတ် (၅၄)ပါးကား**

ဝေဒနာအားဖြင့်. . .

| | |
|---|---|
| ၁။ သောမနဿသဟဂုတ်စိတ် | ၁၈-ပါး |
| ၂။ ဒေါမနဿသဟဂုတ်စိတ် | ၂-ပါး |
| ၃။ သုခသဟဂုတ်စိတ် | ၁-ပါး |
| ၄။ ဒုက္ခသဟဂုတ်စိတ် | ၁-ပါး |
| ၅။ ဥပေက္ခာသဟဂုတ်စိတ် | ၃၂-ပါး |
| ပေါင်း = | ၅၄-ပါး။ |

သမ္ပယုတ်+ဝိပ္ပယုတ်အားဖြင့်. . .

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၂၀-ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၃၄-ပါး |
| | ပေါင်း = | ၅၄-ပါး။ |

သင်္ခါရအားဖြင့်. . .

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၁၇-ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၁၇-ပါး |
| ၃။ | နှစ်မျိုးလုံးမဟုတ်သောစိတ် | ၂၀-ပါး |
| | ပေါင်း = | ၅၄-ပါး။ |

## ရူပါဝစရစိတ် (၁၅)

**ရူပါဝစရစိတ် (၁၅)ပါးကား**

| | | | |
|---|---|---|---|
| ၁။ | ရူပါဝစရ | ကုသိုလ်စိတ် | ၅-ပါး |
| ၂။ | ။ | ဝိပါက်စိတ် | ၅-ပါး |
| ၃။ | ။ | ကြိယာစိတ် | ၅-ပါး |
| | | ပေါင်း = | ၁၅-ပါး။ |

**ရူပါဝစရစိတ် အဓိပ္ပါယ်ကား**

(က) ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်စေတတ်သောစိတ်၊
( ခ) ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်။

**ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်တို့၏ အဓိပ္ပါယ်**

**ရူပါဝစရကုသိုလ်စိတ်** = ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်စေတတ်သော ကုသိုလ်စိတ်၊

**ရူပါဝစရဝိပါက်စိတ်** = ရူပဘုံသား ပြဟ္မာကြီးများ၏ အကျိုး(ဝိပါက်)ကို ဖြစ်စေတတ်သော (ပဋိသန္ဓေ, ဘဝင်, စုတိ)စိတ်၊

**ရူပါဝစရကြိယာစိတ်** = ရူပဘုံ၌ များသောအားဖြင့် ဖြစ်သော ရဟန္တာတို့၏ စိတ်။

**ရူပါဝစရကုသိုလ်စိတ် (၅)ပါးကား**

| | | | |
|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | ပဌမဈာန်(ကုသိုလ်)စိတ် |
| ၂။ | ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန်(ကုသိုလ်)စိတ် |
| ၃။ | ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန်(ကုသိုလ်)စိတ် |
| ၄။ | သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန်(ကုသိုလ်)စိတ် |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန်(ကုသိုလ်)စိတ် |

**မှတ်ချက်။** ။ ရူပါဝစရဝိပါက်စိတ် ၅-ပါး, ရူပါဝစရကြိယာစိတ် ၅-ပါးဖြစ်ပုံကိုလည်း ထိုနည်းတူမှတ်ပါလေ။

ဈာန်အင်္ဂါ = ဈာန+အင်္ဂါ = ဈာနင်္ဂါ
= ဈာန်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော (ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ) ဟူသော စေတသိက် တစ်ပါးတစ်ပါးကို ဈာန်အင်္ဂါဟု ခေါ်သည်။
ဈာန် = အာရုံတစ်ခုပေါ်တွင် အထူးမြဲမြံစွာ စူးစိုက်ရှုမှတ်တတ်သော သဘော၊
= ဝိတက်, ဝိစာရ စသော ဈာန်အင်္ဂါတို့၏ အပေါင်းသည် ဈာန်မည်ပါသည်။
ဈာန် = ဈာန်နှင့်ယှဉ်သော စိတ်ကို ဈာန်ဟု ခေါ်ပါသည်။

**ဈာန် ၅–ပါး ပြားရခြင်းအကြောင်း**

ပဌမဈာန်, ဒုတိယဈာန် စသည်ဖြင့် ဈာန် ၅-မျိုးပြားသောကြောင့် ဈာန်နှင့် ယှဉ်သော စိတ်သည်လည်း ၅-မျိုးပင် ပြားရပါသည်။

**ရူပစိတ် (၁၅)–ပါး ပြားရခြင်းအကြောင်း**

ရူပါဝစရ ကုသိုလ်, ဝိပါက်စိတ်, ကြိယာစိတ်များ (၅)ပါးစီ ပြားသောကြောင့် ရူပါဝစရစိတ် (ရူပစိတ်) ၁၅-ပါး ပြားရခြင်း ဖြစ်ပါသည်။

## အရူပစိတ် ၁၂–ပါး

**အရူပါဝစရစိတ် (၁၂)ပါးကား**

| | | | |
|---|---|---|---|
| ၁။ | အရူပါဝစရ | ကုသိုလ်စိတ် | ၄-ပါး |
| ၂။ | ။ | ဝိပါက်စိတ် | ၄-ပါး |
| ၃။ | ။ | ကြိယာစိတ် | ၄-ပါး |
| | | ပေါင်း = | ၁၂-ပါး။ |

**အရူပါဝစရစိတ် အဓိပ္ပါယ်ကား**

(က) အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်စေတတ်သောစိတ်၊
(ခ) အရူပတဏှာ၏ အာရုံဖြစ်သောကြောင့် အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော စိတ်။

**ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်တို့၏ အဓိပ္ပါယ်**

**အရူပါဝစရကုသိုလ်စိတ်** = အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်-စေတတ်သော ကုသိုလ်စိတ်၊
**အရူပါဝစရဝိပါက်စိတ်** = အရူပဘုံသား ဗြဟ္မာကြီးများ၏ အကျိုး(ဝိပါက်)ကို ဖြစ်စေတတ်သော (ပဋိသန္ဓေ, ဘဝင်, စုတိ)စိတ်၊
**အရူပါဝစရကြိယာစိတ်** = အရူပဘုံ၌ များသောအားဖြင့် ဖြစ်သော ရဟန္တာတို့၏ စိတ်။

**အရူပါဝစရကုသိုလ်စိတ် ၄-ပါးကား**

၁။ **အာကာသာနဉ္စာယတန ကုသလစိတ်** = ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်၊
၂။ **ဝိညာဏဉ္စာယတန ကုသိုလ်စိတ်** = ပထမအရူပစိတ်ဖြစ်သော(အာကာသာနဉ္စာယတန စိတ်ကို အာရုံပြုသောစိတ်၊
၃။ **အာကိဉ္စညာယတန ကုသိုလ်စိတ်** = ပထမအရူပစိတ်၏ မရှိခြင်း (နတ္ထိဘောပညတ်)ကို အာရုံပြုသောစိတ်၊
၄။ **နေဝသညာနာသညာ-ယတန ကုသိုလ်စိတ်** = တတိယအရူပစိတ် (အာကိဉ္စညာယတနစိတ်)ကို အာရုံပြုသောစိတ်။

**ဈာန် ၄-ပါး ပြားခြင်းအကြောင်း**

အာရုံ ၄-မျိုးပြားသောကြောင့် အာရုံ ၄-မျိုးကို အာရုံပြုသော အရူပါဝစရစိတ် သည်လည်း (၄)-မျိုးပင် ပြားရပါသည်။

**အရူပစိတ် (၁၂)-ပါး ပြားခြင်းအကြောင်း**

အရူပါဝစရ ကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်ဟု ဈာန်စိတ် (၄)ပါးစီ ပြားသောကြောင့် အရူပါဝစရစိတ် (အရူပစိတ်) ၁၂-ပါး ပြားရခြင်း ဖြစ်ပါသည်။ (အရူပစိတ်များသည် အာရုံအားဖြင့် ပြားသောစိတ်တို့ပင်တည်း။)

**အရူပါဝစရစိတ်ဟူသမျှ ပဉ္စမဈာန်**

ရူပ-ပဉ္စမဈာန်မှအထက် တစ်ဆင့်တက်၍ ရအပ်သောဈာန်များဖြစ်သောကြောင့် အရူပစိတ် (၁၂)ပါးလုံးသည် ရူပပဉ္စမဈာန်စိတ်နှင့် အလားတူသဖြင့် ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါ နှစ်ပါးရှိ၏၊ ဝေဒနာအားဖြင့် **ဥပေက္ခာဝေဒနာ**နှင့် ယှဉ်ပါ သည်။

**မဟဂ္ဂုတ်စိတ် (၂၇)ပါးကား**

| | |
|---|---|
| ၁။ ရူပါဝစရစိတ် | ၁၅-ပါး |
| ၂။ အရူပါဝစရစိတ် | ၁၂-ပါး |
| ပေါင်း = | ၂၇-ပါး။ |

**မဟဂ္ဂုတ်စိတ်** = **မဟာ+ဂတ**
= မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ်(မြင့်မြတ်သောစိတ်)
= မြတ်သောဈာန်ရပုဂ္ဂိုလ်တို့သာ ရအပ်သောစိတ်။

**လောကီစိတ် (၈၁)ပါး**

| | |
|---|---|
| ၁။ ကာမာဝစရစိတ် | ၅၄-ပါး |
| ၂။ မဟဂ္ဂုတ်စိတ် | ၂၇-ပါး |
| ပေါင်း = | ၈၁-ပါး။ |

**လောကီစိတ် အဓိပ္ပါယ်**

ကာမ, ရူပ, အရူပဟု လောက သုံးပါး (၃၁-ဘုံ)၌ကျင်လည်တတ်, ဖြစ်တတ်သောစိတ်ကို **လောကီစိတ်**ဟု ခေါ်ပါသည်။ (တနည်း) လောက၌ ထင်ရှားသော စိတ်ဖြစ်သောကြောင့် **လောကီစိတ်**ဟု ခေါ်ပါသည်။

# လောကုတ္တရာစိတ် ၈–ပါး

### လောကုတ္တရာစိတ် ၈–ပါးကား

| | မဂ်စိတ် (၄)ပါး | | ဖိုလ်စိတ် (၄)ပါး | |
|---|---|---|---|---|
| ၁။ | သောတာပတ္တိမဂ်စိတ် | ၁-ပါး | သောတာပတ္တိဖိုလ်စိတ် | ၁-ပါး |
| ၂။ | သကဒါဂါမိမဂ်စိတ် | ၁-ပါး | သကဒါဂါမိဖိုလ်စိတ် | ၁-ပါး |
| ၃။ | အနာဂါမိမဂ်စိတ် | ၁-ပါး | အနာဂါမိဖိုလ်စိတ် | ၁-ပါး |
| ၄။ | အရဟတ္တမဂ်စိတ် | ၁-ပါး | အရဟတ္တဖိုလ်စိတ် | ၁-ပါး |
| မဂ် (သို့) လောကုတ္တရာ ကုသိုလ်စိတ် အကျဉ်း = | | ၄-ပါး | ဖိုလ် (သို့) လောကုတ္တရာ ဝိပါက်စိတ် အကျဉ်း = | ၄-ပါး |

### လောကုတ္တရာစိတ် အဓိပ္ပါယ်

လောကမှ လွတ်မြောက်သောကြောင့်လည်းကောင်း, လောကသုံးပါးထက် မြင့်မြတ်သောကြောင့် လောကုတ္တရာစိတ်ဟု ခေါ်ပါသည်။

**တစ်နည်း**။ ။ လောကမှ လွန်မြောက်သောစိတ်တို့ကို လောကုတ္တရာ စိတ်ဟုခေါ်သည်။ ထို စိတ်တို့သည် အရိယာ ပုဂ္ဂိုလ် (၈)ယောက်တို့၏ သန္တာန်၌သာ ဖြစ်ကြသည်။

**မဂ်** = ကိလေသာများကို ပယ်သတ်၍ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက် သောသဘောသည် မဂ်မည်၏။ (မဂ်၏အင်္ဂါ အစိတ်အပိုင်းဖြစ်သော မဂ္ဂင် ၈-ပါးအပေါင်း)

**မဂ်စိတ်** = မဂ်နှင့်ယှဉ်သောစိတ်။

### မဂ်စိတ် (၄)ပါး ပြားရခြင်းအကြောင်းကား

မဂ် ၄-ပါး ပြားခြင်းကြောင့် မဂ်နှင့်ယှဉ်သော စိတ်သည်လည်း (၄)ပါး ပြားရပါသည်။

## ဖိုလ်၏အဓိပ္ပါယ်

**ဖိုလ်** = ကိလေသာများ ငြိမ်းအေးစေတတ်သောသဘော, မဂ်၏အကျိုးဖြစ်သော သဘော။

**ဖိုလ်စိတ်** = ဖိုလ်နှင့်ယှဉ်သောစိတ်သည် ဖိုလ်စိတ်မည်၏။

### ဖိုလ်စိတ် (၄)ပါး ပြားရခြင်းအကြောင်းကား

မဂ် ၄-ပါး ပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်သည်လည်း (၄)ပါး ပြားရပါသည်။

# လောကုတ္တရာစိတ်အကျယ် ၄၀

လောကုတ္တရာစိတ်အကျယ် ၄၀-ပါးကား

**မဂ်စိတ် (၂၀)ပါး**

| | | | |
|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်) |
| ၂။ | ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်) |
| ၃။ | ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်) |
| ၄။ | သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်) |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တမဂ်) |

**မဂ်စိတ်အကျယ်(၂၀)ဖြစ်ပေါ်လာပုံ**

မဂ်စိတ် တစ်ပါးလျှင် ဈာန်အင်္ဂါတို့ ယှဉ်ပုံအရ ဈာန်(၅)မျိုးပြားသောကြောင့် မဂ်စိတ်အကျဉ်းလေးပါးကို ဈာန်အပြားအားဖြင့် မြောက်ပွားလိုက်သောအခါ မဂ်စိတ်အကျယ်(၂၀)ဖြစ်လာသည်။

**ဖိုလ်စိတ် (၂၀)ပါး**

| | | | |
|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိဖိုလ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တဖိုလ်) |
| ၂။ | ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိဖိုလ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တဖိုလ်) |
| ၃။ | ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိဖိုလ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တဖိုလ်) |
| ၄။ | သုခ, ဧကဂ္ဂတာဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိမဂ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တဖိုလ်) |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | သောတာပတ္တိဖိုလ်စိတ်၊ (သကဒါဂါမိ,အနာဂါမိ,အရဟတ္တဖိုလ်) |

**ဖိုလ်စိတ်အကျယ် (၂၀) ဖြစ်ပေါ်လာပုံ**

ထိုနည်းတူစွာ-ဖိုလ်စိတ်အကျဉ်း (၅)ပါးသည်လည်း ဈာန်အပြား (၅)မျိုးအား-လျော်စွာ ဖိုလ်စိတ်အကျယ်(၂၀)ဖြစ်ရလေသည်။

**လောကုတ္တရာစိတ်အကျယ် (၄၀) ဖြစ်ပေါ်လာပုံ**

တစ်ပါးတစ်ပါးသော လောကုတ္တရာစိတ် (၈)ပါးကို ဈာန်အင်္ဂါတို့နှင့်ယှဉ်သော အပြားအားဖြင့် ငါးပါးစီ ပြုရ၊ မြောက်ပွားရသောကြောင့် လောကုတ္တရာစိတ် အကျယ် (၄၀)ဖြစ်လာရပါသည်။

**ဈာန်စိတ် (၆၇)ပါး အကျဉ်းရေတွက်ပုံကား**

| | | |
|---|---|---|
| ၁။ လောကီဈာန်စိတ် (မဟဂ္ဂုတ်စိတ်၂၇) | | ၂၇-ပါး |
| ၂။ လောကုတ္တရာဈာန်စိတ် | | ၄၀-ပါး |
| | ပေါင်း = | ၆၇-ပါး။ |

**ဈာန်စိတ် (၆၇)ပါး အကျယ်ရေတွက်ပုံကား**

| | | |
|---|---|---|
| ၁။ ပထမဈာန်စိတ် | | ၁၁-ပါး |
| ၂။ ဒုတိယဈာန်စိတ် | | ၁၁-ပါး |
| ၃။ တတိတဈာန်စိတ် | | ၁၁-ပါး |
| ၄။ စတုတ္ထဈာန်စိတ် | | ၁၁-ပါး |
| ၅။ ပဥ္စမဈာန်စိတ် | | ၂၃-ပါး |
| | ပေါင်း = | ၆၇-ပါး။ |

**ပထမဈာန်စိတ် (၁၁)ပါး**

| | | |
|---|---|---|
| ရူပ(ပထမဈာန်)ကုသိုလ်စိတ် | | ၁-ပါး |
| ရူပ(ပထမဈာန်)ဝိပါက်စိတ် | | ၁-ပါး |
| ရူပ(ပထမဈာန်)ကြိယာစိတ် | | ၁-ပါး |
| လောကုတ္တရာပထမဈာန်စိတ် | | ၈-ပါး |
| | ပေါင်း = | ၁၁-ပါး။ |

**မှတ်ချက်**။ ။

ဒုတိယဈာန်(၁၁)ပါး၊ တတိယဈာန် (၁၁)ပါး, စတုတ္ထဈာန် (၁၁)ပါးတို့ကိုလည်း အထက်ဖေါ်ပြပါအတိုင်း **(ပထမဈာန်)**နေရာမှာ **(ဒု,တ, စတုတ္ထ)**ဈာန်ဟု ပြောင်းဆိုရန်သာ ထူးခြားပါသည်။

**လောကီပဉ္စမဈာန်စိတ် (၁၅)ပါး**

| | |
|---|---|
| ရူပ(ပဉ္စမဈာန်)ကုသိုလ်စိတ် | ၁-ပါး |
| ရူပ(ပဉ္စမဈာန်)ဝိပါက်စိတ် | ၁-ပါး |
| ရူပ(ပဉ္စမဈာန်)ကြိယာစိတ် | ၁-ပါး |
| အရူပါဈာန် | ၁၂-ပါး |
| ပေါင်း = | ၁၅-ပါး။ |

**ပဉ္စမဈာန်စိတ် (၂၃)ပါး**

| | |
|---|---|
| လောကီပဉ္စမဈာန် | ၁၅-ပါး |
| လောကုတ္တရာပဉ္စမဈာန်စိတ် | ၈-ပါး |
| ပေါင်း = | ၂၃-ပါး။ |

စိတ်အကျယ် ၁၂၁-ပါး ဖြစ်လာပုံ

လောကုတ္တရာစိတ်အကျဉ်း (၈)ပါးမှ အကျယ်(၄၀)ပြားသောကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ စိတ်အကျယ် ၁၂၁-ပါး ဖြစ်လာရပါသည်။

## စိတ်တို့ကို ဘေဒကြီး ၆-ဘေဒအားဖြင့် ဝေဖန်ပုံ

၁။ **ဘူမိဘေဒ** (ဘုံ-အပြားအားဖြင့် ဝေဖန်ပုံ)

| | အကျဉ်း | အကျယ် |
|---|---|---|
| ကာမာဝစရစိတ် | ၅၄-ပါး | ၅၄-ပါး |
| ရူပါဝစရစိတ် | ၁၅-ပါး | ၁၅-ပါး |
| ရူပါဝစရစိတ် | ၁၂-ပါး | ၁၂-ပါး |
| လောကုတ္တရာစိတ် | ၈-ပါး | ၄၀-ပါး |
| ပေါင်း = | ၈၉-ပါး။ | ၁၂၁-ပါး။ |

၂။ **ဇာတိဘေဒ** (ပရမတ္ထတရားတို့၏ အမျိုး=ဇာတ်အပြားအားဖြင့်)

| | အကျဉ်း | အကျယ် |
|---|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး | ၁၂-ပါး |
| ကုသိုလ်စိတ် | ၂၁-ပါး | ၃၇-ပါး |
| ဝိပါက်စိတ် | ၃၆-ပါး | ၅၂-ပါး |
| ကြိယာစိတ် | ၂၀-ပါး | ၂၀-ပါး |
| ပေါင်း = | ၈၉-ပါး။ | ၁၂၁-ပါး။ |

၃။ **ဈာနဘေဒ** (ဈာန်အပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)

| | လောကီ | လောကုတ် | ပေါင်း |
|---|---|---|---|
| ပထမဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| ဒုတိယဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| တတိယဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| စတုတ္ထဈာန်စိတ် | ၃-ပါး | ၈-ပါး | ၁၁-ပါး |
| ပဉ္စမဈာန်စိတ် | ၁၅-ပါး | ၈-ပါး | ၂၃-ပါး |
| ပေါင်း = | ၂၇-ပါး။ | ၄၀-ပါး။ | ၆၇-ပါး။ |

၄။ **သမ္ပယောဂဘေဒ** (ယှဉ်/မယှဉ် အပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)

| | အကျဉ်း | အကျယ် |
|---|---|---|
| သမ္ပယုတ်စိတ် | ၂၀-ပါး | ၂၀-ပါး |
| ဝိပ္ပယုတ်စိတ် | ၁၆-ပါး | ၁၆-ပါး |
| နှစ်ပါးလုံးမှ လွတ်သောစိတ် | ၅၃-ပါး | ၈၅-ပါး |
| ပေါင်း = | ၈၉-ပါး။ | ၁၂၁-ပါး။ |

၅။ **သင်္ခါရဘေဒ** (သင်္ခါရ ရှိ/မရှိ အပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)

| | အကျဉ်း | အကျယ် |
|---|---|---|
| အသင်္ခါရိကစိတ် | ၁၇-ပါး | ၁၇-ပါး |
| သသင်္ခါရိကစိတ် | ၁၇-ပါး | ၁၇-ပါး |
| နှစ်ပါးလုံးမှ လွတ်သောစိတ် | ၅၅-ပါး | ၈၇-ပါး |
| ပေါင်း = | ၈၉-ပါး။ | ၁၂၁-ပါး။ |

၆။ **ဝေဒနာဘေဒ**အားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း

| | | | အကျဉ်း | အကျယ် |
|---|---|---|---|---|
| ချမ်းသာသောခံစားမှု | ကိုယ်ချမ်းသာသောခံစားမှု | သုခသဟဂုတ်စိတ် | ၁-ပါး | ၁-ပါး |
| | စိတ်ချမ်းသာသောခံစားမှု | သောမနဿသဟဂုတ်စိတ် | ၃၀-ပါး | ၆၂-ပါး |
| | ကိုယ်ဆင်းရဲသောခံစားမှု | ဒုက္ခသဟဂုတ်စိတ် | ၁-ပါး | ၁-ပါး |
| ဆင်းရဲသောခံစားမှု | စိတ်ဆင်းရဲသောခံစားမှု | ဒေါမနဿသဟဂုတ်စိတ် | ၂-ပါး | ၂-ပါး |
| | စိတ်အသင့်အတင့်ခံစားမှု | ဥပေက္ခာသဟဂုတ်စိတ် | ၅၅-ပါး | ၅၅-ပါး |
| | ပေါင်း = | | ၈၉-ပါး။ | ၁၂၁-ပါး။ |

## စိတ်ပိုင်းနိဂုံး

စိတ်သည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသာရှိသော်လည်း ထိုတစ်ပါးတည်းသော စိတ်ကို . . .

၁။ ဘုံ-အပြားအားဖြင့်လည်းကောင်း

၂။ ဇာတ်-အပြားအားဖြင့်လည်းကောင်း

၃။ ဈာန်-အပြားအားဖြင့်လည်းကောင်း

၄။ သမ္ပယောဂ-အပြားအားဖြင့်လည်းကောင်း

၅။ သင်္ခါရ-အပြားအားဖြင့်လည်းကောင်း

၆။ ဝေဒနာ-အပြားအားဖြင့်လည်းကောင်း

ဝေဖန်သောကြောင့် စိတ်အကျဉ်း ၈၉-ပါး, အကျယ် ၁၂၁-ပါး ဖြစ်လာသည်။